# Q တိုင်ပင်ဆွေးနွေးခြင်း

▲ Q တိုင်ပင်ဆွေးနွေးခြင်း ထိပ်သို့

ဂျပန်နိုင်ငံတွင် နေထိုင်သည့်အခါ စိတ်ပူပန်စိုးရိမ်စရာများရှိသည့်အခါ၊ ပြဿနာများနှင့်ကြုံတွေ့သည့်အခါ တစ်ယောက်တည်း မစဉ်းစားဘဲနှင့် အသိမိတ်ဆွေဂျပန်လူမျိုးများ၊ ဂျပန်စကား ပြောတတ်သော သူငယ်ချင်းမိတ်ဆွေများ သို့မဟုတ် သင်နေထိုင်သည့်ဒေသ၌ရှိသော တိုင်ပင်ဆွေးနွေးနိုင်သော အဖွဲ့အစည်းများနှင့် တိုင်ပင် ဆွေးနွေးပါ။

## 1 ဥပဒေနှင့်အစိုးရဂဝန်ဆောင်မှုများကို တိုင်ပင်နိုင်သည့် ကောင်တာများ (မြို့နယ်ရုံး)

ဥပဒေနှင့် အစိုးရဂဝန်ဆောင်မှုကို တိုင်ပင်လိုသည့်အခါ အခန်းအသီးသီးတွင် ရှင်းပြထားသော သက်ဆိုင်ရာ မြို့နယ်ရုံးကောင်တာများသို့ သွားရောက်တိုင်ပင်ပါ။ ဂျပန်စကားနားမလည်သည့်သူများသည် ဂျပန်စကားပြောတတ်သည့် သူများနှင့် အတူတူသွားပါ။ အချို့မြို့နယ်ရုံးတွင် စကားပြန်ကို စီစဉ်ပေးထားသည့်ကောင်တာများလည်းရှိသည်။ သို့သော် စကားပြန်အစီအစဉ်သည် နေနှင့် အချိန် အကန့်သတ်မှုရှိတတ်သောကြောင့် ကြိုတင်မေးမြန်းစုံစမ်းထားပါ။